# BELKIN tune base direct with hands-free : F8Z442qe



ကား cigarette lighter ကတစ်ဆင့် အသုံးပြုနိုင်ပြီး Landscape viewing ပါတဲ့ အပြင် ဆူညံမှုကိုထိန်းချုပ်ပေးမယ့် microphone လည်းပါကာ iPhone ကိုသုံးနေရင်းနဲ့ USB port ကတစ်ဆင့် တခြား device တစ်ခုကိုလည်း အားသွင်းနိုင် ပါတယ်။ ကားမောင်းနေရင်းနဲ့ phone ပြောတတ်သူတွေအတွက် hand free mode ပါဝင်တာကြောင့် အဆင်ပြေစေပါတယ်။ မိမိရဲ့ phone ထဲကသီချင်းတွေကိုလည်း နားဆင်လို့ရစေမှာ ဖြစ်ပြီး သီချင်းနားထောင်ရင်းနဲ့ phone လာတဲ့အခါမှာလည်း hand free mode ကို လွယ်လွယ်ကူကူပြောင်းနိုင်တာကြောင့် iPhone အသုံးပြုသူတွေအတွက် ကားတွင်းအသုံးပြုမှုတွေအတွက် အဆင်ပြေစေမယ့် ပစ္စည်းဖြစ်ပါတယ်။ အာမခံ တစ်နှစ်ပေးထားတယ်လို့လည်း သိရပါတယ်။ ■

တန်ဖိုး – ၄၂,၅၀၀ ကျပ်ဝန်းကျင်

**Micro computer CO LTD**

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၇၂၁၆၆၈

---

# NB T717M : Projecter ceiling mount





NB (North Bayou) တံဆိပ် နံရံကပ် LCD bracket တွေ၊ စားပွဲပေါ်တင်သုံးလို့ ရတဲ့ LCD နှစ်လုံး သုံးလုံးသုံးနိုင်တဲ့ ဒေါက်တိုင်တွေ၊ TV အကြီးစား၊ LCD monitor အကြီးစားတွေ၊ နံရံကပ်သုံးမယ့် bracket တွေ၊ projector သုံးမယ့် stand ၊ မျက်နှာကျက်မှာတပ်သုံးနိုင်မယ့် bracket တွေ အမျိုးအစားတော်တော်များများ ဈေးကွက်တင်ထားပါတယ်။ ရုံးခန်း၊ အစည်းအဝေးခန်း နဲ့ စာသင်ကျောင်းတွေမှာ၊ လုပ်ငန်းသုံးမယ့် computer တွေမှာ၊ ဒါမှမဟုတ် information ကောင်တာတွေမှာ အဲဒီပစ္စည်းတွေသုံးပြီး monitor တွေ၊ projector တွေကို သပ်သပ်ရပ်ရပ် ထားသုံးနိုင်ပါတယ်။ Projector လို ပစ္စည်းတွေက စားပွဲပေါ်တင်သုံးတာထက်စာရင် မျက်နှာကျက်မှာတပ်သုံးလိုက်တာက နေရာပိုကျယ်သွားတဲ့အပြင် ပျောက်ဆုံး၊ ပျက်စီးမှုလည်း နည်းသွားစေပါတယ်။ အရွယ်အစား၊ ဒီဇိုင်း၊ ဈေးနှုန်းအမျိုးမျိုးရှိနေပါတယ်။ ကိုယ့်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ bracket မျိုး ရွေးဝယ်နိုင်ပါတယ်။ ■

**Projector Ceiling Mount**

**NBT717M** – ၂၂ ဒေါ်လာဝန်းကျင်

**LCD Wall Mount**

**NBPK 100A** – ၇၉ ဒေါ်လာ ဝန်းကျင်

**NBPK 200A** – ဒေါ်လာ ၉၀ ဝန်းကျင်

**NBPK 300A** – ၁၁၄ ဒေါ်လာ ဝန်းကျင်

**Citicom computer**

၃၇၄၅၆၆၊ ၂၄၀၆၂၀၊ ၃၈၂၉၇၇

# ကွန်ရက်ချိတ်သုံးမယ့် Projector



ViewSonic ရဲ့ PJD6553w ဟာ ကွန်ရက်ချိတ်ဆက်သုံးနိုင်ပြီး DLP projector ဖြစ်ပါတယ်။ စာသင်ခန်းတွေနဲ့ corporation အဆင့် လုပ်ငန်းကြီးတွေမှာ သုံးစွဲဖို့ crestron e-control နဲ့ RoomView Express တွေတွဲထည့်ပေးထားပါတယ်။ AMX certified network projector ဖြစ်ပြီး ANSI 3500 ၊ contrast ratio 4000:1 ရှိပြီး resolution 1280×800 (WXGA) ရှိပါမယ်။ သူ့ ရဲ့ Smart ECO နည်းပညာက ဟောပြောတင်ဆက်သူကနေ projector ကို အလင်းအမှောင်ချိန်ညှိပြောင်းလဲစေပြီး စွမ်းအင်၇၀ ရာခိုင်နှုန်းလောက် ချွေတာနိုင်ပါလိမ့်မယ်။ 10W speaker ကို တစ်ပါတည်းတွဲထည့်ပေးထားပါတယ်။ HDMI interface နဲ့ HDMI ကြိုးတွေသုံးပြီး multimedia တင်ဆက်ပြသမှုတွေ လုပ်နိုင်ပါမယ်။ Projector ရဲ့ screen ကို 16:10 Wide screen သုံးကာပြသနိုင်ပြီး full HD (1080p) ၊ HD 720p contant တွေကို ပြသနိုင်ပါတယ်။ HDMI ကနေ digital အရည်အသွေးအစစ်တွေကို ပြသနိုင်ပါမယ်။ 3D သုံးစွဲဖို့အတွက် 3D Ready projector ဖြစ်ပါတယ်။ 3D အတွက် DLP Link နည်းပညာသုံးထားပါတယ်။ မီးသီးရဲ့သက်တမ်း နာရီ ၅,၀၀၀ လောက်အထိ သုံးနိုင်ပါတယ်။

ကွန်ရက်ချိတ်ဆက်သုံးရာမှာ monitor ၊ manage လုပ်ဖို့ အချိန်သတ်မှတ်ဖွင့်ပိတ်သုံးစွဲတဲ့ schedule လုပ်ဖို့ အဝေးကနေ projector ကို ထိမ်းကျောင်းစီမံနိုင်ပါမယ်။ Projector ရဲ့ အခြေအနေတွေကိုပါ အချက်ပေးတာအသိပေးတာမျိုး လုပ်ဆောင်ထားနိုင်ပါမယ်။ ဆက်သွယ်နိုင်တဲ့ connector တွေက D Sub port ၂ခု၊ (input နဲ့ output) ၊ HDMI 1.3 port တစ်ခု၊ composite RCA Jack ၊ SVideo input/ audio out / in ၊ Network အတွက် RJ45 port ၊ USB mini B Type ( mouse သုံးပြီး control လုပ်ဖို့နဲ့ service လုပ်ဖို့) တစ်ခု ပါပါမယ်။ အလေးချိန် Gross 9.0 lb (4.1 kg)လေးပြီး အရွယ်အစား 11.6×3.3"×9.5" (294× 84×242mm) ရှိပါတယ်။ ■

တန်ဖိုး – ၆၆၀,၀၀၀ ကျပ်ဝန်းကျင်

Royal Ayeyarwaddy CO LTD

၃၈၄၈၅၀၊ ၃၈၉၃၆၆၊ ၃၉၄၄၉၄

---

# MSI GT780R gaming notebook

Laptop သုံးပြီး game ဆော့ချင်တယ်ဆိုသူတွေအတွက် gaming laptop တွေ အများအပြားရှိနေပါတယ်။ အခု MSI ရဲ့ BT780R ကို မိတ်ဆက်ပေးချင်ပါတယ်။ သူ့ရဲ့ keypad အောက်ခံမှာ fullcolor backlight စနစ်နဲ့ ပါဝင်ပါတယ်။

Bluray Combo drive ပါရှိလို့ ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်တွေ ရရှိနိုင်ပြီး THX Trustudio Pro နဲ့ Dynaudio အသံစနစ် ၂ မျိုးလုံး တွဲဖက်အသုံးပြုထားတဲ့ gaming totebook ဖြစ်ပါတယ်။ သူ့မှာ OS အနေနဲ့ Genuine Windows@ 7 Home Premium တင်ထားပြီး Sandy Bridge (Huron River) Core i7 2630QM processor ၊ memory DDR3 1333 8GB (Max:16GB) ၊ 1.5TB SATA (750GB*2) Raid (0) (7500RPM) တို့ကို တပ်ဆင်ထားပါတယ်။



သူ့ရဲ့ graphic ကတော့ Nvidia Geforce GTX560M GDDR5 1.5GB ဖြစ်ပြီး connectivity အနေနဲ့ကတော့ 10/100/1000 Mbps LAN, WLAN 802.11 bigin ၊ bluetooth 3.0 +HS တို့ကို အသုံး ပြုလို့ရပါလိမ့်မယ်။ GT 780R မှာ ၁၇.၃ လက်မအရွယ် premium full HD display ကို တပ်ဆင်ထားပြီး USB 3.0 ၊ Card Reader ၊HD webcam၊ eSATA ၊ HDMI (v1.4) တို့လည်း ပါဝင်ပါတယ်။ ■

တန်ဖိုး – ၁,၄၇၃,၀၀၀ ကျပ်ဝန်းကျင်

Royal Smart CO LTD

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# Everfoucus Digital Video Recorder



လုံခြုံရေးဆိုင်ရာကိစ္စတွေအတွက် IP camera တွေနဲ့ တွဲသုံးပြီး ကွန်ရက်ချိတ်ဆက်သုံးနိုင်ပါတယ်။ Channel ၈ ခု၊ ၁၆ ခု စသဖြင့်ရှိနေတဲ့အတွက် channel ၈ ခုဆိုရင် IP camera ၈ လုံး၊ channel ၁၆ ခု ဆိုရင် IP camera ၁၆လုံး တွဲသုံးနိုင်ပါမယ်။ ကိုယ့်ရဲ့ လိုအပ်ချက်ပေါ် မူတည်ပြီး channel အနည်းအများ ရွေးနိုင်ပါတယ်။ DVD drive တွေ သုံးပြီး DVD နဲ့ record လုပ်ထားနိုင်သလို hard drive တွေသုံးပြီးလည်း video တွေ ဖမ်းယူထားနိုင်ပါတယ်။ Recorder တစ်ခုတည်းမှာ ၂ မျိုး စလုံး သုံးနိုင်တာမျိုး မဟုတ်ပါဘူး။ DVD writer သုံးထားတဲ့ model ၊ ဒါမှမဟုတ် hard drive သုံးထားတဲ့ model တစ်ခုခု ရွေးသုံးရမှာပါ။ Frame per second ၂၄၀ အထိ ချိန်သုံးနိုင်ပါတယ်။

Camera တစ်လုံးချင်းစီကိုလည်း စိတ်ကြိုက် resolution ၊ rate တွေ ချိန်ထားနိုင်ပြီး record လုပ်စေချင်တဲ့ အချိန်တွေကိုလည်း သီးခြားသတ်မှတ်ပေးထားနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဖမ်းယူတာ၊ ပြန်ပြသပေးတာ၊ အဝေးတစ်နေရာက ကြည့်တာတွေ လုပ်ထားနိုင်ပါတယ်။ Everfocus ရဲ့ central management software နဲ့ တွဲသုံးပြီး တစ်နေရာတည်းကနေ လိုအပ်တာတွေ control လုပ်နိုင်ပါမယ်။ လုပ်ဆောင်ရတာ လွယ်ကူပြီး GUI သုံးထားလို့ icon တွေနဲ့ အလုပ်လုပ်နိုင်ပါတယ်။ Setup လုပ်ရတာ၊ ပြန်ကြည့်ရတာ၊ ရှာဖွေတာတွေကို အလွယ်တကူလုပ်နိုင်တဲ့အပြင် mouse ၊ remote control ၊ keyboard စတာတွေထဲက ကြိုက်ရာသုံးပြီး control လုပ်နိုင်ပါတယ်။ USB 2.0 port ရှေ့ဖက်မှာတစ်ခု၊ နောက်ဖက်မှာ တစ်ခုပါပါတယ်။ ဘာသာစကားလည်း အမျိုးမျိုး ရွေးချယ်သုံးနိုင်ပါတယ်။ Mouse နဲ့ IR remote control ပါပြီးဖြစ်ပါတယ်။ Video compression အတွက် H.264 format သုံးထားပါတယ်။ Web ကနေ တစ်ဆင့် အဝေးတစ်နေရာရာကနေ၊ ဒါမှမဟုတ် ကိုယ့်ရဲ့ smart phone ၊ PDA တွေသုံးပြီး video တွေ ကြည့်နိုင်ပါတယ်။ iPhone နဲ့ Android phone တွေအတွက် mobile focus application တွေ တစ်ပါတည်းထည့် ပေးထားပါတယ်။ Remote access လုပ်ဖို့ static IP address သုံးစရာ မလိုဘဲ DDNS service သုံးထားလို့ ပိုပြီး စိတ်ချလုံခြုံမှုရှိစေပါတယ်။ Model တွေအလိုက် DVD သုံးထားမလား၊ hard drive ရဲ့ capacity အနည်းအများ၊ HDMI (1080i) support လုပ်၊ မလုပ်တွေ ကွာခြားနေပါလိမ့်မယ်။ ■

Everfocus Ecor 2648D2 – ၃၅၀,၀၀၀ ကျပ်ဝန်းကျင်
(8 channel)

Everfocus Ecor 264x1DVR – ၅၆၀,၀၀၀ ကျပ်ဝန်းကျင်
(16 channel)

လင်းသူဇာ ကွန်ပျူတာအရောင်းဆိုင်
ရန်ကုန် – ၃၇၇၃၇၃၊ ၃၈၉၃၉၅၊ ၃၇၅၃၈၈
နေပြည်တော် – ၀၆၇-၄၂၀၇၁၁၊ ၄၂၁၀၄၇

# Imation Nano Pro (32 GB) Flash Drive




USB 2.0 သုံးနိုင်တဲ့ flash drive ပါပဲ။ ဒါပေမဲ့ 32GB ဆံ့တာကြောင့် data များများစားစားသိမ်းချင်တဲ့သူတွေအတွက် အဆင်ပြေပါလိမ့်မယ်။ ■

တန်ဖိုး – ၃၃,၀၀၀ ကျပ်ဝန်းကျင်
Citicom computer
၃၇၄၅၃၄၄၊ ၂၄၀၆၂၀၊ ၃၈၂၉၇၇

# HP P1102W black and white laser printer



အိမ်သုံးအတွက်လိုအပ်မယ်ဆိုရင် HP P1102W printer လေး သုံးနိုင်ပါတယ်။ အဲဒီ printer က HP P1102 နဲ့အတူတူပါပဲ။ ဒါပေမဲ့ သူ့မှာ wireless print လုပ်နိုင်အောင် လုပ်ပေးထားပါတယ်။ Goflex sattellite နဲ့ တွဲသုံးလို့ရမယ်လို့ ထင်ပါတယ်။ တကယ်လို့ Goflex wireless နဲ့ တွဲ သုံးရင် computer မသုံးဘဲ print ထုတ်နိုင်သလားဆိုတာတော့ အရောင်း ဆိုင်တွေမှာ မေးကြည့်ပါ။ စာရွက်အရွယ်အစား A4 အထိ print ထုတ်နိုင်ပြီး တစ်မိနစ်မှာ စာမျက်နှာ ၁၈ မျက်နှာလောက်အထိ print ထုတ်နိုင်ပါတယ်။ Resolution 600×600 dpi effective output 1200 dpi အထိ orint ထုတ်နိုင်ပါမယ်။

တစ်လကို စာမျက်နှာ ၂၅၀ ကနေ ၁,၅၀၀ လောက်အထိ print ထုတ်လေ့ရှိတဲ့သူတွေအတွက် သင့်တော်တယ်လို့ ရေးထားတာ ဖတ်ရပါတယ်။ Wi-Fi ဆက်သွယ်မှုအတွက် 802.11 b/g ဆက်သွယ်ပေးပါလိမ့်မယ်။ 266 MHz ရှိတဲ့ printer processor သုံးထားပြီး memory က အများဆုံး 8MB အထိ သုံးနိုင်ပါမယ်။ တကယ်လို့ wireless မသုံးရင်တော့ HP P1102 ကိုသုံးနိုင်ပြီး wireless သုံးချင်ရင် HP P1102W ကို သုံးနိုင်ပါတယ်။ ■

တန်ဖိုး – HP P1102 – ၇၇,၀၀၀ ကျပ်ဝန်းကျင်
HP P1102W – ၉၅,၀၀၀ ကျပ်ဝန်းကျင်

Citicom computer

၃၇၄၅၄၄၊ ၂၄၀၆၂၀၊ ၃၈၂၉၇၇

# Canon Multifunction Laser Printer

Canon ရဲ့ print ၊ copy ၊ scan ၃ မျိုးသုံးနိုင်တဲ့ MFP ( multifuction printer ) ဖြစ်ပါတယ်။ လုပ်ငန်းသုံးအတွက် အဆင်ပြေပြီး တစ်လကို ရွက်ရေ တစ်သောင်းလောက်ထုတ်လေ့ရှိတဲ့ ရုံးတွေ၊ လုပ်ငန်း တွေအတွက် သင့်တော်ပါတယ်။ A4 အရွယ်အစား အဖြူ၊ အမည်း print ထုတ်ရင် တစ်မိနစ်ကို ၂၃ မျက်နှာအထိ ထုတ်နိုင်ပါမယ်။ Copy resolution 600×600 dpi အထိ၊ print ထုတ်ရင် 600×600 dpi ကနေ 600×1200 dpi အထိရှိပြီး scan ဖတ်ရင် optical rsolution 600×600 ရှိပါတယ်။ USB ကြိုးသုံးပြီး PC နဲ့ ဆက်သွယ်ရပါမယ်။ Windows 2000 ၊ XP ၊ Windows Vista ၊ Windows 7 ၊ Mac OSX 10.4.9-10.6 Linux OS ဆိုရင် print သီးသန့် support လုပ်ပါတယ်။

အဲဒီ printer နဲ့အတူ Toner cartridge ၊ driver CD ၊ power cable USB cable ၊ installation manual booklet တွေ တွဲထည့်ပေးထားပါတယ်။ အလေးချိန် 10.3 kg ရှိပါမယ်။ Tonner က starter kit ဆိုရင် အဖြူ၊ အမည်း အရွက်ရေ ၁၀၀၀ ဝန်းကျင်၊ standard ဆိုရင် အရွက်ရေ ၂၁၀၀ လောက် print ထုတ်၊ copy ကူးနိုင်ပါမယ်။ Paper tray က အရွက် ၂၅၀ ဆန့်ပြီး manual တစ်ရွက်ချင်းလည်း ထည့်သုံးနိုင်ပါတယ်။ ■




တန်ဖိုး – ၂၀၃,၀၀၀ ကျပ်ဝန်းကျင်

Essential computer

၂၄၈၂၂၁၊ ၃၇၈၀၂၄၊ ၃၈၇၃၁၀



# Logitech Attack-3

Logitech ရဲ့ joystick attack-3 ဖြစ်ပြီး Windows 98 ၊ Windows 2000 ၊ Me ၊ XP ၊ Vista ၊ Windows 7 OS တွေအားလုံးနီးပါးနဲ့ တွဲသုံးနိုင်ပါတယ်။ Mac အသုံးပြုတဲ့သူတွေအတွက်လည်း Mac OS 9 နဲ့ နောက်ပိုင်းထုတ် OS တွေနဲ့ တွဲသုံးနိုင်ပါမယ်။

အဲဒီ joystick က ဘယ်သန်၊ ညာသန်တွေအတွက် အဆင်ပြေအောင် လုပ်ပေးထားတယ်လို့ သိရပါတယ်။ Program ၁၁ ခုသွင်းထားနိုင်ပြီး ကိုယ်ကစားမယ့် game အလိုက် setting တွေ လုပ်ထားနိုင်ပါတယ်။ အဲဒီလိုလုပ်ဆောင်ဖို့ Logitech ရဲ့ gaming software ထည့်ပေးထားပါတယ်။ အာမခံသက်တမ်းကာလ တစ်နှစ်ပေးထားပါတယ်။ ■

တန်ဖိုး – ၂၅ ဒေါ်လာဝန်းကျင်

Citicom computer

၃၇၄၅၄၄၊ ၂၄၀၆၂၀၊ ၃၈၂၉၇၇

# Thermaltake overseer

2.5 drive SATA ၊ 3.5 drive SATA တွေကို အလွယ်တကူ တပ်ဆင်နိုင်အောင် hard drive docking station ထည့်ပေးထားပြီး USB 3.0 front port တွေ ပါပါတယ်။ အဲဒီ port တွေကိုတော့ case ရဲ့ အပေါ်ဘက်မှာ ထည့်ပေးထားပါတယ်။ Power Supply Unit (PSU) ကို အောက်ဘက်မှာ တပ်ဆင်သုံးရပါမယ်။ Full tower case ဖြစ်လို့ extanded ATX board တွေပါ တပ်ဆင်သုံးနိုင်ပါမယ်။ Internal drive bay ၅ ခု ပါပါတယ်။ ကိုယ့်အနေနဲ့ liquid cooler တွေ၊ ဒါမှမဟုတ် air cooler အကြီးစားတွေ သုံးမယ်၊ graphic card တွေ ၂ card ၃ card သုံးမယ်ဆိုရင် အဲဒီ case မျိုးသုံးဖို့ လိုပါမယ်။ ■

တန်ဖိုး – ဒေါ်လာ ၁၃၀ ဝန်းကျင်

Golden Power Technology CO LTD

၂၁၀၉၄၃ ၊ ၂၂၆၆၆၄ ၊ ၂၁၅၈





# Thermaltake cooling fan

LGA 775 နဲ့ LGA 1156 socket သုံး board တွေမှာ တပ်ဆင်သုံးနိုင်တဲ့ ThermalTake ရဲ့ CPU heatsink နဲ့ cooler လေး ဖြစ်ပါတယ်။ တခြား cooler တွေက အရွယ်အစားကြီးလို့ desktop case တွေမှာ တပ်ဆင်သုံးလို့မရပါဘူး။ Heat pipe သုံးပြီး အပူစွန့်ထုတ်ထားပေးတဲ့အတွက် original heatsink တွေထက်လည်း ပိုကောင်းပါလိမ့်မယ်။ တကယ်လို့ HTPC မျိုး၊ mini TX လို case မှာသုံးစွဲဖို့ အဆင်ပြေပါတယ်။ ဒါတောင်မှ တချို့ case သေးသေးလေးတွေမှာဆိုရင် တပ်ဆင်သုံးလို့ရ မရ အရင်စစ်ဆေးကြည့်ဖို့ လိုပါမယ်။ ■

တန်ဖိုး – ၃၆ ဒေါ်လာဝန်းကျင်

Unique Computer

၃၉၈၄၃၆ ၊ ၃၉၁၇၈၉ ၊ ၃၉၁၇၃၀

# Seagate Goflex satellite mobile wireless storage



Portable storage device တွေကလည်း ကြိုးမဲ့သုံးနိုင်ဖို့ လုပ်ဆောင်လာကြပါတယ်။ Storage ပမာဏ 500 GB ၊ battery သက်တမ်းကာလ ၅ နာရီ၊ USB 3.0 adapter လည်း သုံးနိုင်ပါတယ်။ Android နဲ့ Apple iOS application တွေပါ တွဲသုံးနိုင်ပါမယ်။ ကြိုးမဲ့ဆက်သွယ်မှုအတွက် 802.11 b/g/n ၊ WPA security တွေ သုံးထားပါတယ်။ အာမခံသက်တမ်းကာလ တစ်နှစ်ပေးထားပါတယ်။ ■

တန်ဖိုး – ၁၉၀,၀၀၀ ကျပ်ဝန်းကျင်

**Unique Computer**

၃၉၈၄၃၆ ၊ ၃၉၁၇၈၉ ၊ ၃၉၁၇၃၀

# U160DX WIND NETBOOK




အပြည်ပြည်ဆိုင်ရာ iF Products Design Award ဆုရယူထားတဲ့ Atom N455 (1.66 GHz) processor နဲ့ DDR3 2GB သုံးပြီး notebook တွေမှာသာ သုံးစွဲလေ့ရှိတဲ့ TDE (Turbo Drive Engine) နည်းပညာကို အသုံးပြုထားတဲ့ networking သုံး netbook ဖြစ်ပါတယ်။ ၁၀ လက်မအရွယ် WSVGA (LED) မျက်နှာပြင်နဲ့ဖြစ်ပြီး 6 cell battery ကိုတပ်ဆင်ထားကာ 10/100 Mbps LAN, WLAN 802.11b/g/n ၊ bluetooth V2.1+ EDR ၊ 1.3M webcam ၊Card Reader 2 in 1 (SD, MMC) တို့ပါဝင်ပါတယ်။ ■

တန်ဖိုး – ၂၄၇,၀၀၀ ကျပ်ဝန်းကျင်

**Royal Smart CO LTD**

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# Gateway NV79C49U




Gateway ရဲ့ intel Corei5 460m (2.53GHz) CPU သုံးထားတဲ့ notebook ပါ။ RAM 4GB DDR3 ၊ hard disk drive 500GB ၊ Display 17.3 inches HD ၊ LED LCD display ၊ DVD (Multi Super DL Drive) တွေ တပ်ဆင်ထားပါတယ်။ 1.3 megapixel Web cam ၊ ကြိုးမဲ့ဆက်သွယ်မှုအတွက် WiFi 802.11 b/g/n Bluetooth ဆက်သွယ်နိုင်ပါတယ်။ Battery ကိုတော့ 6 cell battery သုံးထားပါတယ်။ ■

တန်ဖိုး – ၄၇၀,၀၀၀ ကျပ်ဝန်းကျင်

**King Empire Computer**

၉၅၁-၃၈၆၉၂၅၊ ၃၉၈၁၂၉၊ ၇၃၀၃၀၉၈၀